# Accountable Grants အတွက် ပါဝင်ဆောင်ရွက်ရန်စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူခြင်း

## FLEGT VPA Support Fund in Myanmar

**ဖိတ်ခေါ်ခြင်း အမှတ်:** VPASF-001

**ထုတ်ပြန်သည့်နေ့စွဲ:** 12-12-2017

**တင်ပြရန် နောက်ဆုံးရက်:** 5-1-2018

## ၁။ နောက်ကြောင်းရာဇဝင်နှင့် အခြေခံအကြောင်းရင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံသည် FLEGT ဆိုင်ရာ နှစ်နိုင်ငံမိတ်ဖက်သဘောတူ သစ်ကုန်သွယ်ရေးစာချုပ် (VPA) ကို ဥရောပသမဂ္ဂ (EU) နှင့် လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ် ရန်ပြင်ဆင်မှုများ စတင်ခဲ့သည်။ FLEGTဆိုသည်မှာ တရားဝင်သစ်တောထွက် ပစ္စည်းများဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း စီမံချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂကြား FLEGT VPA ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် ဆွေးနွေး ညှိနှိုင်းမှုပြုလုပ်နိုင်ရန်အတွက် VPA Support Fund တစ်ရပ်တည်ထောင်ရန် ယူကေနိုင်ငံတကာ ဖွံ့ဖြိုးရေးဌာန(DFID)က ဗြိတိန် ပေါင်၂.၅ သန်းကို ပေးအပ်ခဲ့သည်။ ရန်ပုံငွေများကို ခွဲဝေချထားရန်နှင့် စီမံခန့်ခွဲရန်အတွက် Palladium International က မြန်မာနိုင်ငံရှိ ၎င်း၏ FLEGT Support ရုံးမှ တစ်ဆင့် ဆောင်ရွက်မည် ဖြစ်သည်။

VPA ဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများအတွက် ကြိုတင်ပြင်ဆင်ရန်လိုအပ်သည့်ဆောင်ရွက်ချက်များပါဝင်သော လုပ်ငန်းအစီအစဉ်တစ်ရပ်ကို မြန်မာနိုင်ငံရှိ ပတ်သက်စပ်ဆိုင်သူများက ရေးဆွဲခဲ့သည်။ အဆိုပါဆောင်ရွက် ချက်များအကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအုပ်စု (MSG) တစ်ခုပေါ်ပေါက်လာ စေရန်အတွက် လိုအပ်သောကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ယာယီလုပ်ငန်း ဆောင်ရွက်မှုအဖွဲ့ (ITF) တစ်ဖွဲ့ ကိုလည်း အဖွဲ့ဝင်၂၄ ဦး (Multi-stakeholders) ဖြင့် ဖွဲ့စည်းထားသည်။

ရန်ပုံငွေထောက်ပံ့မှုဆိုင်ရာဆောင်ရွက်ချက်များကို ITF/MSG တို့က ဦးဆောင်သကဲ့သို့ Accountable Grant များသည် VPA Support Fund မှတစ်ဆင့် အခြားသော လူပုဂ္ဂိုလ်များနှင့်အဖွဲ့အစည်းများသို့လည်း ရောက်ရှိ နိုင်မည်ဖြစ်သည်။ DFID နှင့် မြန်မာအစိုးရ ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသော နှစ်ဦးနှစ်ဖက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီက ရန်ပုံငွေအသုံးပြုမှုကို ကြီးကြပ်မည်ဖြစ်သည်။ အဆိုပါ ကြီးကြပ်မှုကော်မတီသည် ရန်ပုံငွေဆိုင်ရာဆောင်ရွက်ချက်နှင့် အကျိုးသက်ရောက်မှုကို ကာလ အပိုင်း အခြားအလိုက် ပြန်လည်သုံးသပ်သွားမည်ဖြစ်ပြီး အမျိုးမျိုးသော Stakeholders များ၏ စိတ်ဝင်စားမှုများ အတွက် ညီမျှသောအထောက်အပံ့များ ဖြစ်မဖြစ် ပြန်လည်သုံးသပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။

အထူး Grant အကောင်အထည်ဖော်မှုများသည် သဘောတူညီထားသော လုပ်ငန်းအစီအစဉ်များနှင့် ကိုက်ညီမှု ရှိမရှိ စောင့်ကြည့်ရန်နှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုးတက်မှုကိုလေ့လာ စောင့်ကြည့်ရန် ITF/MSG က တာဝန်ယူမည်ဖြစ်သည်။ ငွေကြေးဆိုင်ရာတင်ပြတောင်းဆိုခြင်း (invoicing)၊

အစီရင်ခံခြင်းနှင့် ငွေကြေးစီမံ ခန့်ခွဲခြင်းတို့အား လေ့လာစောင့်ကြည့်ရန်နှင့် ကြီးကြပ်ရန်မှာ Palladium ၏ တာဝန်ဖြစ်သည်။

## ၂။ ပန်းတိုင်၊ ရေရှည်ရလာဒ်နှင့် အသေးစားရလဒ်များ

### ၂.၁။ ပန်းတိုင်

VPA Support Fund ၏ အလုံးစုံရည်ရွယ်ချက်မှာ - သစ်တောစီမံအုပ်ချုပ်မှုနှင့် သစ်တောဥပဒေစိုးမိုးမှုကို အားကောင်းစေခြင်း၊ တရားမဝင်သစ်ခုတ်လှဲထုတ်လုပ်ခြင်းကို တိုက်ဖျက်ခြင်း နှင့် တရားဝင် သစ်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုကို အားပေးမြှင့်တင်ခြင်းတို့မှတစ်ဆင့် မြန်မာနိုင်ငံတွင် တရားဝင်ဖြစ်သော၊ ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုကို မြှင့်တင်ရန်ဖြစ်သည်။

### ၂.၂။ ရေရှည်ရလာဒ်

မြန်မာနှင့် EU ကြားတွင် အဆင့်ဆင့်ဆောင်ရွက်ချက်များဖြင့် VPA ကို အဆုံးသတ် ချုပ်ဆိုနိုင်ရန်မှာ Support Fund ၏ ရလာဒ် ဖြစ်သည်။ အဆိုပါဆောင်ရွက်ချက်များတွင် အပြန်အလှန်ဆွေးနွေး ညှိနိုင်းမှုများနှင့် VPA တွင် ပါဝင်သောအချက်များအား ပတ်သက်စပ်ဆိုင်သူများက နိုင်ငံတော်အဆင့်တွင် နှံ့စပ်သေချာစွာစဉ်းစားလေ့လာ သုံးသပ်ခြင်းများလည်း အပါအဝင်ဖြစ်သည်။

### ၂.၃။ အသေးစားရလဒ်များ

အသေးစား ရလာဒ် ၁ : VPA နယ်ပယ်နှင့် ပါဝင်သောအချက်များနှင့်ပတ်သက်၍ ပတ်သက်စပ်ဆိုင်သူများ အကြား သဘောတူညီချက်ရရှိရန် (လေ့လာဆန်းစစ်မှုများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်းတို့မှ တစ်ဆင့် ဗဟုသုတတည်ဆောက်ခြင်းလည်း အပါအဝင်ဖြစ်သည်)

အသေးစားရလာဒ် ၂ : ပတ်သက်စပ်ဆိုင်သူများ၏အမြင်များနှင့်စိုးရိမ်မှုများကို အပြည့်အဝထည့်သွင်း စဉ်းစား ပြီး VPA ကို ဆွေးနွေးညှိနိုင်းရန်

အသေးစားရလာဒ် ၃ : ဆွေးနွေးညှိနိုင်းမှုများပြီးဆုံးပြီး VPA ကို အတည်ပြုလက်မှတ်ရေးထိုးရန်

အသေးစားရလာဒ် ၄ : VPA တွင်ဖော်ပြထားသော မရှိမဖြစ်နည်းစနစ်များအား တည်ထောင်ရန် (တရားဝင် သစ်ဖြစ်ကြောင်းအာမခံသည့်စနစ်- TLAS နှင့် ၎င်းတွင်ပါဝင်သောအချက်များလည်း အပါအဝင်ဖြစ်သည်)

အသေးစားရလာဒ် ၅ : နည်းစနစ်များကို အကောင်အထည်ဖော်ရန်နှင့် FLEGT လိုင်စင်များထုတ်ပေးရန်

## ၃။ အခြားသော အဖွဲ့အစည်းများအတွက် ရန်ပုံငွေထောက်ပံ့ခြင်း

VPA ဆိုင်ရာကြိုတင်ပြင်ဆင်မှုများနှင့် ဆွေးနွေးညှိနိုင်းမှုများကို အားဖြည့်ပေးသည့် ဆောင်ရွက်ချက်များ ရှိသော အဖွဲ့အစည်းများအတွက် VPA Support Fund အချို့ကို Accountable Grants အနေဖြင့် ရရှိနိုင်မည်ဖြစ်သည်။ အဆိုပါရန်ပုံငွေကို မြန်မာ NGO များ၊ Palladium ၏ Due Diligence (လူ့အခွင့်အရေး များအပေါ် ဆိုးကျိုး သက်ရောက်မှုရှိ၊ မရှိလေ့လာဆန်းစစ်ခြင်း) လုပ်ငန်းစဉ်ကိုအောင်မြင်သည့်

ပုဂ္ဂလိကကုမ္ပဏီများနှင့် စီမံချက်ကြောင့် ပုံမှန်ထမ်းဆောင်နေကျတာဝန်များသာမက ထပ်ဆောင်း အလုပ်များ ပြုလုပ်ရမည့် အစိုးရအေဂျင်စီများလည်း ရရှိနိုင်မည်ဖြစ်သည်။

VPA ဆိုင်ရာပြင်ဆင်မှုများနှင့် ဆွေးနွေးညှိနိုင်းမှုများအတွက် အကောင်းဆုံးအားဖြည့်ပါဝင်မည့် အဖွဲ့အစည်းများအား အကဲဖြတ်မှုစံနှုန်းများနှင့်အညီ Grants ပေးအပ်မည်ဖြစ်ပြီး ကာလအပိုင်းအခြား အလိုက် ပြိုင်ဆိုင်မှုများရှိမည်ဖြစ်သည်။ Grant ရွေးချယ်ပေးအပ်ရန် အဆင့်နှစ်ဆင့် ရှိမည် - ပထမအဆင့် အနေဖြင့် ပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းအဆိုပြုလွှာ (Expression of Interest) ကို အကဲဖြတ်မည်ဖြစ်ပြီး ၎င်းအပေါ်အခြေခံ၍ စီမံချက်အဆိုပြုလွှာအပြည့်အစုံကို လေ့လာသုံးသပ်မှုအား ဒုတိယအဆင့်အနေဖြင့် ပြုလုပ်မည် ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် VPA Support Fund ထံမှ (ဗြိတိန်ပေါင်) GBP ၄၀၀၀၀၀ ကို Accountable Grants အနေဖြင့် ရရှိနိုင်ရန် ITF/MSG က ဆောင်ရွက်နေသည်။ စီမံချက်တစ်ခုစီတိုင်းသည် အများဆုံးအနေဖြင့် ထောက်ပံ့ငွေ GBP ၆၀၀၀၀ ရရှိမည်ဖြစ်သည်။ ထောက်ပံ့ငွေကို တစ်နှစ်ထက်မပိုသော စီမံချက်များအား ထောက်ပံ့ရန်အတွက် အသုံးပြုနိုင်သည်။

မြန်မာနိုင်ငံ၏ VPA လုပ်ငန်းစဉ်အတွက် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်မည့် အဖွဲ့အစည်းများစွာသည် ပြည်ထောင်စုအစိုးရထံတွင် တရားဝင်အဖွဲ့အစည်းမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခက်အခဲများ ရှိနေနိုင်သည် ဟု DFID ကနားလည်ပါသည်။ ထို့ကြောင့် Grant ပေးအပ်ခြင်းဆိုင်ရာမွမ်းမံထားသော လုပ်ငန်းစဉ်တစ်ရပ်ကို အသုံးပြု၍ မှတ်ပုံမတင်ရသေးသော အဖွဲ့အစည်းများကိုလည်း ထောက်ပံ့ငွေ ပေးအပ်နိုင်ရန် အဆိုပါအဖွဲ့အ စည်းများမှ အဆိုပြုလွှာများကို ITF/MSG က လက်ခံမည်ဖြစ်သည်။ Grant ပေးအပ်ခြင်းဆိုင်ရာမွမ်းမံထား သောလုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို FLEGT Secritariat (စီမံခန့်ခွဲရေးဌာန) မှ ထုတ်ပြန်မည် ဖြစ်သည်။

## ၃.၁။ ထောက်ပံ့ရန်ပုံငွေလျှောက်ထားရန်သင့်လျော်သော ဆောင်ရွက်ချက်များ

ပတ်သက်စပ်ဆိုင်သူများနှင့် VPA ဆွေးနွေးညှိနိုင်းမှုများအား ချိတ်ဆက်ပေးရန် မဖြစ်မနေပြုလုပ်ရမည့် ဆောင်ရွက်ချက်များ၊ အထူးသဖြင့် ITF လုပ်ငန်းအစီအစဉ်တွင် ချမှတ်ထားသောလုပ်ငန်းများကို ထိရောက်စွာပြုလုပ် ပေးနိုင်မည့် ဆောင်ရွက်ချက်များသည် ထောက်ပံ့ငွေပေးအပ်ရန် သင့်လျော်သည်။ အောက်ပါ ဆောင်ရွက်ချက်များ အပါအဝင်ဖြစ်သည် -

- FLEGT VPA ဆောင်ရွက်ချက်များဆိုင်ရာ ဆက်သွယ်ခြင်းနှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်း
- တရားဝင်သစ်ဖြစ်ကြောင်းအာမခံသည့်စနစ် (TLAS) တည်ထောင်ရန် အထောက်အကူပေးခြင်း
- သင်တန်းလမ်းညွှန်စာအုပ်များနှင့် စိစစ်ခြင်းနှင့်လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်ခြင်း
- မူဝါဒများနှင့်ဥပဒေများကို VPA လိုအပ်ချက်များနှင့် ဆီလျော်ကိုက်ညီမှုရှိစေရန် ပြန်လည် လေ့လာသုံးသပ်ခြင်း
- VPA ဆွေးနွေးညှိနိုင်းခြင်းလုပ်ငန်းစဉ်၊ လက်တွေ့အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သော သင်တန်းများ နှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း
- FLEGT VPA နှင့် - ငြိမ်းချမ်းရေးဆွေးနွေးမှုများ၊ သယံဇာတခွဲဝေမှု၊ ဒေသအလိုက်စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုနှင့် တိုင်းရင်းသားအခွင့်အရေးများအကြား ဆက်စပ်မှုများကို လေ့လာစောင့်ကြည့်ခြင်း

- မှတ်တမ်းများ ပုံနှိပ်ထုတ်ဝေခြင်း (ဥပမာ - ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရရှိထားသောလမ်းညွှန်များ၊ မြန်မာနိုင်ငံ၏ VPA လုပ်ငန်းစဉ်ကို အထောက်အကူဖြစ်စေမည့် လက်ကမ်းစာစောင်ဒီဇိုင်းများ၊ အမြင် ဖွင့်ခြင်းဆိုင်ရာဆောင်ရွက်ချက်များအတွက် လက်ကမ်းစာစောင်များ)
- စာချုပ်တွင် ထည့်သွင်းချုပ်ဆိုသင့်သော အထူးကိစ္စရပ်များ သို့မဟုတ် အစိတ်အပိုင်းများနှင့် ပတ်သက်၍ ဆွေးနွေးညှိနိုင်းမှုအခြေအနေများကို အသိပေးတင်ပြရန် လေ့လာမှုများပြုလုပ်စေခြင်း သို့မဟုတ် အခြား သုတေသနပြုလုပ်ခြင်း
- ပတ်သက်စပ်ဆိုင်သူအဖွဲ့အတွင်း (သို့မဟုတ်) အဖွဲ့များအကြား ဆွေးနွေးတိုင်ပင်မှုများကို အထောက်အကူပေးခြင်း၊ မြန်မာ့ဆွေးနွေးညှိနိုင်းမှုအဖွဲ့ကို သက်ဆိုင်ရာအစည်းအဝေးများ တက်ရောက်ရန်အတွက် ခရီးစရိတ်ထောက်ပံ့ခြင်း အပါအဝင်
- ကျား/မရေးရာပြဿနာရပ်များကို ဖြေရှင်းရန်အတွက် ပတ်သက်စပ်ဆိုင်သူများဆွေးနွေး တိုင်ပင်ခြင်းနှင့် လေ့လာဆန်းစစ်ခြင်း (Stakeholder consultation and analysis)သည် မြန်မာနိုင်ငံရှိ ITF/MSG တို့၏ အလုပ်ကို ထောက်ပံ့နေသော DFID အတွက် အထူးစိတ်ဝင်စားမှု တစ်ရပ်ဖြစ်သည်
- မြန်မာ့ VPA ဆိုင်ရာဆွေးနွေးညှိနိုင်းမှုအခြေအနေနှင့်ပတ်သက်၍ သင်ခန်းစာရယူနိုင်ရန်အတွက် VPA ပါတနာနိုင်ငံများ (သို့မဟုတ်) အခြားနေရာများသို့ ပတ်သက်စပ်ဆိုင်သူများ သွားရောက် လေ့လာနိုင်ရန် အကူအညီပေးခြင်းနှင့်
- သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအတွင်း စီးပွားရေးလုပ်ငန်းစဉ်များကို ပြန်လည် လေ့လာသုံးသပ်ခြင်း

## ၃.၂။ ထောက်ပံ့ရန်ပုံငွေလျှောက်ထားရန်သင့်လျော်ခြင်းမရှိသော ဆောင်ရွက်ချက်များ

ITF/MSG နှင့် အပြန်အလှန်ကြီးကြပ်မှုကော်မတီမှ အတည်ပြုထောက်ခံချက် မရရှိသော မည်သည့် ဆောင်ရွက်ချက်/ အဖွဲ့အစည်းမဆို Grant အတွက် လျှောက်ထားရန် မသင့်လျော်ပါ။ အောက်တွင် Grant လျှောက်ထားရန် မသင့်လျော်သောအချက်များကို စာရင်းပြုစုထားပါသည်(မှတ်ချက်- စာရင်းသည် အပြည့်အစုံမဟုတ်သေးပါ) –

- VPA Roadmap နှင့်ကိုက်ညီမှုမရှိသော ဆောင်ရွက်ချက်များအတွက်အထောက်အပံ့ (ဥပမာ - သစ်ပင် စိုက်ရန်အဆိုပြုလွှာ)
- အပြန်အလှန်ကြီးကြပ်မှုကော်မတီသို့ အဆိုပြုလွှာမတင်ပြမီ ယခင်ကပြုလုပ်ခဲ့သော ဆောင်ရွက် ချက်များအတွက် ရန်ပုံငွေလျှောက်ထားခြင်း မပြုလုပ်ရန်
- အခြားသောအဖွဲ့အစည်းများအား ငွေထုတ်ချေးရန် (သို့မဟုတ်) ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်သော ဆောင်ရွက်ချက်များ
- ပိုင်ဆိုင်မှုနှင့်ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲခြင်း/ ရောင်းချခြင်း
- တည်ရှိပြီးဝန်ထမ်းများအား လစာပေးရန်အတွက် ထောက်ပံ့ငွေကို အသုံးပြုလိုခြင်း
- ဆောင်ရွက်ချက်များအကောင်အထည်ဖော်ရာ၌ တိုက်ရိုက်ပါဝင်ပတ်သက်နေသောသူများ၏ လစာကို အပြန်အလှန်ကြီးကြပ်ရေးကော်မတီက ဆုံးဖြတ်အတည်ပြုမည်ဖြစ်သည်

## ၄။ ပါဝင်ဆောင်ရွက်ရန်စိတ်ဝင်စားမှုအဆိုပြုလွှာများ ခေါ်ယူခြင်း

ပထမအဆင့်အနေဖြင့် VPA Support Fund မှ ရန်ပုံငွေထောက်ပံ့မှုအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် စိတ်ဝင် စားမှုအဆိုပြုလွှာများ (Expression of Interest – EOI) ရေးသားတင်ပြရန် အဖွဲ့အစည်းများအား

ဖိတ်ခေါ်ပါမည်။ ထိုအဆိုပြုလွှာတွင် အဖွဲ့အစည်းများသည် VPAကို အားဖြည့်ကူညီပေးမည့် မိမိတို့၏ စီမံချက်များ အကြောင်းခြုံငုံဖော်ပြနိုင်မည်ဖြစ်ပြီး ITF/MSG တို့က ပြန်ကြားချက်ပေးမည်ဖြစ်သည်။ ပြန်ကြားချက်ရရှိပြီးမှသာ စီမံချက်အဆိုပြုလွှာအပြည့်အစုံ တင်ပြရပါမည်။

စိတ်ဝင်စားမှုအဆိုပြုလွှာကို ဤစာ၏ အပိုင်း ၃တွင်ဖော်ပြထားသည့် သတ်မှတ်ချက်များနှင့်အညီ ITF/MSG က အကဲဖြတ်မည်။

စိတ်ဝင်စားမှုအဆိုပြုလွှာတင်သည့်အဆင့်တွင် အောင်မြင်ခဲ့သော အဖွဲ့အစည်းများအား အဆိုပြုလွှာနှင့် စီမံချက် စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲများသို့ တက်ရောက်ရန် ဖိတ်ကြားမည်ဖြစ်သည်။ ထိုသို့ တက်ရောက်ပြီးပါက Accountable Grant Funding အတွက် စီမံချက်အဆိုပြုလွှာ အပြည့်အစုံတင်ပြရန် ဆက်လက်ဆောင်ရွက်ရပါမည်။

ပါဝင်ဆောင်ရွက်ရန်စိတ်ဝင်စားမှုအဆိုပြုလွှာကို အောက်ပါသတ်မှတ်ချက်များအတိုင်း တင်ပြရမည် -

၁။ Cover Letter

၂။ စိတ်ဝင်စားမှုအဆိုပြုလွှာ နမူနာ (နောက်ဆက်တွဲ ၁ ကို အသုံးပြုပါ)

စိတ်ဝင်စားမှုအဆိုပြုလွှာကို Soft Copy ဖြင့် အောက်ပါလိပ်စာအတိုင်း ပေးပို့ရမည် ဖြစ်သည် -

The FLEGT Secretariat (FLEGT စီမံခန့်ခွဲရေးဌာန)
အမှတ် ၅၃ - ၅၄ ၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်
နေပြည်တော်
Email : flegt.secretariat@gmail.com
ဖုန်း - 0996 354 1351

စိတ်ဝင်စားမှုအဆိုပြုလွှာနှင့်ပတ်သက်၍ မေးလိုသည်များကို စာဖြင့်ရေးသားပြီး FLEGT စီမံခန့်ခွဲရေးဌာနသို့ ပေးပို့နိုင်ပါသည်။

စိတ်ဝင်စားမှုအဆိုပြုလွှာကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မတိုင်မီ ပေးပို့တင်ပြရမည်ဖြစ်သည်။

လေးစားစွာဖြင့်

ကျော်ဇော

ညွှန်ကြားရေးမှူး၊ သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန

သစ်တောဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်

## နောက်ဆက်တွဲ ၁ - ပါဝင်ဆောင်ရွက်ရန်စိတ်ဝင်စားမှုအဆိုပြုလွှာ ပုံစံ

| | |
|---|---|
| စီမံချက်ခေါင်းစဉ် - | Click here to enter text. |
| အဖွဲ့အစည်းအမည် - | ick here to enter text. |
| အဖွဲ့အစည်းအမျိုးအစား - | ick here to enter text. |
| တရားဝင်မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းဖြစ်ပါသလား - | ick here to enter text. |
| လျှောက်ထားသူ၏ Email - | ick here to enter text. |
| လျှောက်ထားသူ၏ ဖုန်းနံပါတ် - | ick here to enter text. |
| စီမံချက်တည်နေရာ - | ick here to enter text. |
| ပါတနာအဖွဲ့အစည်းရှိပါက ဖော်ပြပါ - | Click here to enter text. |

| | | |
|---|---|---|
| ရရှိလိုသော Grant ရန်ပုံငွေ စုစုပေါင်း (GBP) _ | ပေါင် ၆၅၀၀ အောက် | |
| | ပေါင် ၆၅၀၀ မှ ၃၀၀၀၀ အထိ | |
| | ပေါင် ၃၀၀၀၀ မှ ၆၀၀၀၀ အထိ | |

| |
|---|
| ရည်မှန်းထားသော စီမံချက်ရလာဒ် - သင့်အဖွဲ့အစည်း၏ ရည်မှန်းချက်၊ လျှောက်ထားရခြင်း၏ ရည်ရွယ်ချက် နှင့် ရလဒ်။ |
| |
| ယေဘုယျအကောင်အထည်ဖော်ခြင်းနည်းလမ်း - လုပ်ဆောင်မည့် လုပ်ငန်းများ။ |
| |

| စိတ်ပင်စားမှုအဆိုပြုလွှာကြေညာချက် - စိတ်ပင်စားကြောင်း အောက်တွင်လက်မှတ်ရေးထိုးပါသည်။ | |
|---|---|
| အမည် - | |
| ရာထူး - | |
| နေ့စွဲ - | |
| လက်မှတ် - | |